ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၂ ၊ အမှတ် ၁၂ | ၂၀၁၇ ခုနှစ် ၊ စက်တင်ဘာလ ၁ ရက်

## ကမ္ဘာ့ဘဏ် (World Bank) မှ ကျင်းပပြုလုပ်သည့် အကောက်ခွန်အဆင့်မြင့် အရာရှိများအတွက် ခေါင်းဆောင်မှုဆိုင်ရာ (Customs Executive Leadership Training Course) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း




ကမ္ဘာ့ဘဏ် (World Bank) မှ ကျင်းပပြုလုပ်သည့် အကောက်ခွန် အဆင့်မြင့်အရာရှိများအတွက် ခေါင်းဆောင်မှုဆိုင်ရာသင်တန်း (Customs Executive Leadership Training Course) ပထမအကြိမ်ဖွင့်ပွဲ အခမ်းအနားကို ၂၀၁၇ ခုနှစ် ၊ ဩဂုတ်လ (၂၁) ရက်နေ့ နံနက် (၉:၃၀) နာရီအချိန်တွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်မှ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းအား အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ၊ ဒုတိယညွှန်ကြားရေးမှူး နှင့် လက်ထောက်ညွှန်ကြားရေးမှူး ၊ စုစုပေါင်းသင်တန်းသား (၁၅) ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ (၂၁-၈-၂၀၁၇) ရက်နေ့မှ (၂၅-၈-၂၀၁၇) ရက်နေ့ထိ (၅) ရက်ကြာမြင့်ခဲ့ပါသည်။

# အဆင့်စုံ ဝန်ထမ်းများမှ ဒုတိယ အကောက်ခွန်မှူး အဆင့်သို့ တိုးမြှင့်ခြင်း အခမ်းအနားကျင်းပခြင်း




ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန ၊ သင်တန်းကျောင်းခန်းမ၌ ၂၀၁၇ခုနှစ် ၊ ဩဂုတ်လ (၁၃) ရက်နေ့ နံနက် (၀၉:၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်သော အဆင့်စုံဝန်ထမ်းများမှ ဒုတိယ အကောက်ခွန်မှူး အဆင့်တိုးမြှင့်ခြင်း အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ၊ အဆင့်စုံဝန်ထမ်းများမှ ဒုတိယ အကောက်ခွန်မှူး အဆင့်တိုးမြှင့်ခံရသူ (၆၅) ဦးတို့အား ဒုတိယအကောက်ခွန်မှူးအဆင့် ပုခုံးဒေါက် တပ်ဆင်ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် အဆင့်တိုးမြှင့် ခန့်အပ်ခြင်းခံရသူ ဒုတိယအကောက်ခွန်မှူးများ တက်ရောက်ခဲ့ကြပါသည်။

# ASEAN Single Window 2017 Work Plan အရ US-ACTI မှ Need Assessment ဆိုင်ရာဆွေးနွေးပွဲ ကျင်းပခြင်း



ASEAN Single Window 2017 Work Plan အရ US-ACTI မှ Need Assessment ဆိုင်ရာ ဆွေးနွေးပွဲအား ၂၀၁၇ ခုနှစ် ၊ ဩဂုတ်လ (၄) ရက်နေ့ ၊ နံနက် (၉:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့ Novotel Hotel, Eureka Meeting Room တွင် ကျင်းပပြုလုပ်ခဲ့ရာ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသည် ASEAN Single Window ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော National Single Window အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ၊ နည်းပညာ အကူအညီပေးရေးအတွက် US-ACTI (US ASEAN Connectivity through Trade and Invesment) မှ Needs Asessment ပြုလုပ်ရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ဆွေးနွေးပွဲသို့ JICA မှ တာဝန်ရှိသူများ ၊ US-ACTI မှ တာဝန်ရှိသူများ ၊ အကောက်ခွန်ဦးစီးဌာနနှင့် အခြား ဦးစီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း (၃၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# ဝန်ထမ်းထုလစဉ် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း မှ သြဝါဒစကားပြောကြားခြင်း



ဦးစီးဌာနအဆင့် ဌာနအကြီးအကဲ နှင့် ဝန်ထမ်းထုလစဉ် ပုံမှန်ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားကို ၂၀၁၇ ခုနှစ် ၊ ဩဂုတ်လ (၈) ရက်နေ့ နံနက် (၈:၀၀) အချိန်တွင် ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဖေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းမှ အကောက်ခွန်ဝန်ထမ်းများအား သြဝါဒစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်း နှင့် အမှုထမ်း စုစုပေါင်း (၂၀၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# ဒုတိယအကြိမ်မြောက် အကောက်ခွန်နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပခြင်း




ဒုတိယအကြိမ်မြောက် အကောက်ခွန်နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲအား ရန်ကုန်မြို့ ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ခန်းမ၌ ၂၀၁၇ ခုနှစ် ၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အကောက်ခွန်ဦးစီးဌာနမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကုန်တင်သွင်းခြင်း ၊ ကုန်တင်ပို့ခြင်း၊ ဖြတ်သန်းကုန်သွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရဌာနများ ၊ အဖွဲ့အစည်းများ ၊ ကုမ္ပဏီများ ၊ အကောက်ခွန်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသူများ သိရှိနားလည်သဘောပေါက်စေရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၈၀၆.၉၂၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီး မှုမှာ (၃၁၀) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၁၈၀၆.၉၂၂) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်



လေဆိပ်တားဆီးမှုအနေဖြင့် တားဆီးမှု (၅) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၁၄.၆၂၂) သန်းခန့် ရှိသည့် အနက် ၁၆-၈-၂၀၁၇ ရက်နေ့တွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် စင်္ကာပူနိုင်ငံ မှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် စင်္ကာပူနိုင်ငံသားခရီးသည်ထံမှ Wire Binder 23 Loops (516) Nos, Insert CNMG 160404 PE 4025 (150) Nos, Insert CAMPT 1603 PDER for shell end mill 100 (500) Nos, Insert CNMG 20404 PF 4025 (20) Nos ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၈.၅၄၀) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၈၀၆.၉၂၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း





ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၇) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၈၈.၁၈၈) သန်းခန့် ရှိသည့် အနက် ၁၇-၈-၂၀၁၇ ရက်နေ့တွင် MIP ဆိပ်ကမ်း၌ Akari Min Trading Co., Ltd မှ တင်သွင်းလာသော ပေါင်းသတ်ဆေး Lyphoxin 48SL (Glyphosate 480S/1SL) 4L/ Bottle kg=Liters 9682.57 kg (1 x40’) အား ဖွင့်ဖောက်စစ်ဆေးရာ ကွဲလွဲပါရှိလာသော Saipora (350) SC (မှိုသတ်ဆေး) (6990) Liter , Sairifos (585) EC (ပိုးသတ်ဆေး) (7460) Liter ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၄၀) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၈၀၆.၉၂၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း







နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု ( ၂၉၈) မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၁၇၀၄.၁၁၂) သန်းခန့် ရှိသည့်အနက် ၂၀-၈-၂၀၁၇ ရက်နေ့တွင် မန္တလေးသို့ သွားရောက်မည့် Nissan UD Truck အမျိုးအစား ယာဉ်အား (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေး ရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံတားဆီးရာ အေးရှားဝေါလ်တိုးဂိတ်အနီးတွင် တားဆီး ရမိခဲ့ပြီး စစ်ဆေးရာ ယာဉ်ပေါ်တွင် ထုံးအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားဝင်စာရွက် စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ်ဟုယူဆရသော မြေဆီအိတ် (1x40) Kg (200) Bags နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် (၁၉.၄) သန်းခန့်အားတွေ့ရှိ၍တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၈၀၆.၉၂၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၅-၈-၂၀၁၇ ရက်နေ့တွင် မူဆယ်သို့ သွားရောက်မည့် ယာဉ်များအား သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် (၁၉၆) မိုင် (၆) ဖာလုံ ၊ (၁၉၇) မိုင် (၅) ဖာလုံ နှင့် (၁၉၁) မိုင် (၇) ဖာလုံ အနီး၌ ရပ်တန့်ထားသော Nissan Wingroad ယာဉ် (၁) စီး ၊ Honda Odyssey ယာဉ် (၁) စီး နှင့် Fuso (၂၂) ဘီး တွဲယာဉ် (၁) စီး တို့အား မသင်္ကာဖွယ် ရပ်တန့်ထားသည်ကိုတွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ပိတောက်ခါးရွှေတုံး (၁၃၁) တုံး (၁၀.၁၈၃၄) တန် ၊ ပိတောက်သစ်လုံး (၇) လုံး (၀.၈၇၄၂) တန် နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၃ စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၉၈.၇၃၅) သန်းခန့် အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၈၀၆.၉၂၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု







ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၉-၈-၂၀၁၇ ရက်နေ့တွင် ရန်ကုန်သို့သွားရောက်မည့် Mitsubishi Fuso (၁၂) ဘီးယာဉ် (၁) စီး နှင့် (၂၂) ဘီးယာဉ် (၁) စီးတို့အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ID/IL တွင်ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Cycle Tyre (550) U ၊ Cycle Tube (19000) U ၊ လူသုံးကုန်ပစ္စည်း (၁၄) မျိုးနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၃၇.၂၆၀) သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၈၀၆.၉၂၂) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၂-၈-၂၀၁၇ ရက်နေ့တွင် လားရှိုး မှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ် (၁) စီးအား သတင်းအရ (၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျအကောက်ခွန် စစ်ဆေးရေးအဖွဲ့ နှင့် မူးယစ်တပ်ဖွဲ့ဝင်များမှ ပူးပေါင်းရှာဖွေစစ်ဆေးခဲ့ရာ ခရီးသည်တစ်ဦး၏ ထိုင်ခုံ ခြေရင်းကြမ်းပြင်ပေါ်မှ အနက်ရောင် ကျွတ်ကျွတ်အိတ်ဖြင့်တစ်ထပ် ၊ ကျန်ကျောင်းကျွတ်ကျွတ်အိတ်ဖြင့် တစ်ထပ် ထုပ်ထားသည့် လက်ဘက်ခြောက်အိတ်အတွင်း လက်ဖက်ခြောက်များနှင့် ရောနှောသိုဝှက် သယ်ဆောင်လာသည့် အပြာရောင်ပလပ်စတစ် (၁) အိတ်လျှင် " WY " စာတမ်းပါ လိမ္မော်ရောင် စိတ်ကြွ ရူးသွပ်ဆေးပြား (၂၀၀)ပြားစီပါ (၁၀) ထုပ်စီးထားသည့်ပါကင်ထုပ် (၅) ထုပ်ပါ ပါကင်ထုပ်ကြီး (၂)ထုပ် ၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား (၂၀၀၀၀) ပြား ၊ အလေးချိန် (၂) ကီလိုဂရမ်ခန့် ၊ စုစုပေါင်း ခန့်မှန်း တန်ဖိုးကျပ် (၁၀၀) သန်းခန့်အားတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဩဂုတ်လအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၅ မှု | ၅ မှု | ၁၃.၅၁၉ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၄ မှု | ၄ မှု | ၂၅.၁၃၁ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၁၈ မှု | ၁၈ မှု | ၂၈၅.၄၈၄ သန်း |
| | စုစုပေါင်း | - | ၂၇ မှု | ၂၇ မှု | ၃၂၄.၁၃၄ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၇) ရက်နေ့ မှ (၃၁-၈-၂၀၁၇) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ နှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၁၈) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၁၆၆၇.၃၂၂) သန်းခန့် အား တားဆီးခဲ့ပြီး အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

သဲများတင်ပို့လိုပါသဖြင့် လိုင်စင်လိုမလို HS Code နှင့် Duty Rate အားမေးမြန်း ရာ လိုင်စင်လိုအပ်ကြောင်း ၊ HS Code မှာ 2505.90.00 ဖြစ်ပြီး အကောက်ခွန် 0% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။






Polyester အသားဖြင့်ပြုလုပ်ထားသော တံဆိပ်များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 5807.10.00 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

Fabric ဖြင့်ပြုလုပ်ထားသော Sofa များ တင်သွင်းလိုပါသဖြင့် လိုင်စင်လို /မလို HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 9403.89.90 ဖြစ်ပြီး အကောက်ခွန်15 % ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 5% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။







Empty Bottles Caps များ တင်သွင်းလိုပါသဖြင့် လိုင်စင်လို /မလို HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း Aluminium Caps ၏ HS Code မှာ 8309.90.81 ဖြစ်ပြီး အကောက်ခွန် 7.5 % ၊ Plastic Caps ၏ HS Code မှာ3923.50.00 ဖြစ်ပြီး အကောက်ခွန် 5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2%ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Window , Door and Frame များ တင်သွင်းလိုပါသဖြင့် အကောက်ခွန်လျှော့နှုန်း ခံစားခွင့်ပြု/မပြု မေးမြန်းစုံစမ်းရာတွင် တရုတ်နိုင်ငံမှ တင်သွင်းပါက အကောက်ခွန်လျှော့နှုန်း ခံစားခွင့်ပြုကြောင်းနှင့် ဂျပန်နိုင်ငံမှ တင်သွင်းပါက အကောက်ခွန်လျှော့နှုန်းခံစားခွင့် မပြုပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။





ပြည်ပမှ ငှက်သိုက် ကုန်ကြမ်းများ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 0410.00.10 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




စားတော်ပဲများ ပြည်ပသို့ တင်ပို့လိုပါသဖြင့် လိုင်စင် လို/မလို၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 0713.10.10 ဖြစ်ပြီး အကောက်ခွန် 0% ၊ ကုန်သွယ်လုပ်ငန်းခွန် Exempted နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။



ဆေးဖြန်းစက် (Electrically Operated) များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 8424.89.50 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ် လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။